# ဆီထွက်သီးနှံဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ဆီထွက်သီးနှံမျိုးစေ့ ထုတ်လုပ်ခြင်း၊ အကျိုးတူကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ စားသုံးဆီအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများကို **ဦးစားပေးဖိတ်ခေါ်ဆောင်ရွက်သွားမည်** ဖြစ်ပါသည်။

၂။ ဆီထွက်သီးနှံနှင့်ပတ်သက်၍ အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာ တင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကို မြန်ဆန်သွက်လက်စွာ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိ ပေးကြေညာအပ်ပါသည် -

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**လိပ်စာ**

အမှတ် ၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဖုန်းနံပါတ်**

+၉၅-၉-၂၀၂၃၈၂၁၊ +၉၅-၁-၆၅၈၁၃၂

**အီးမေးလ်**

dica@mptmail.net.mm, investmentpromotion@dica.gov.mm

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**